ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရားလွှတ်တော်ချုပ်၏ စာချွန်တော်လျှောက်ထားမှု အမှတ်- ၁၃၆၀၄/၂၀၁၈ အား လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူ- ဒေါ်လဲ့လဲ့နိုင်
ဒုတိယညွှန်ကြားရေးမှူး
ဥပဒေဌာနခွဲ
ဒေါ်ဂျူနီကိုလေး
ရုံးအုပ်၊ စီမံရေးရာဌာနခွဲ



၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် နေပြည်တော်

# မာတိကာ

## အပိုင်း (၁)


၁။ နိဒါန်း

၂။ နိုင်ငံ၏ပထဝီအနေအထား

၃။ တရားစီရင်ရေးစနစ်

၄။ တရားလွှတ်တော်ချုပ်၏စည်းမျဉ်းစည်းကမ်းများထုတ်ပြန်နိုင်ခွင့်အာဏာ

၅။ နိုင်ငံတော်သမ္မတကလွှဲအပ်တင်ပို့လာသောပြဿနာများအပေါ်သဘောထားပေးခြင်း

၆။ အယူခံတရားရုံး၏စီရင်ပိုင်ခွင့်များ

၇။ တရားလွှတ်တော်ချုပ်၏စီရင်ချက်များစည်းနှောင်မှုရှိခြင်း

၈။ တရားလွှတ်တော်၏စီရင်ပိုင်ခွင့်

၉။ တရားသူကြီးများခန့်အပ်ခြင်း

၁၀။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားရုံးများအဆင့်ဆင့်ဖွဲ့စည်းပုံ


## အပိုင်း (၂)


၁၁။ ဖတ်ကြားသည့်အမှုနှင့်သက်ဆိုင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များ

၁၂။ ဖတ်ကြားသည့်အမှုနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ

၁၃။ စီရင်ဆုံးဖြတ်ခဲ့သည့်တရားရုံး

၁၄။ အမှုတွင်ပါဝင်သူများ

၁၅။ အမှုအကြောင်းအရာအကျဉ်းချုပ်

၁၆။ တရားလွှတ်တော်ကချမှတ်ခဲ့သည့်ကနဦးအမိန့်ပါအချက်များ

၁၇။ ပိုနေမြဲ ကျားနေမြဲအမိန့်

၁၈။ တရားလိုဖက်မှလျှောက်ထားချက်များ

၁၉။ တရားပြိုင်ဖက်မှလျှောက်ထားချက်များ

၂၀။ တရားလွှတ်တော်ကစဉ်းစားသုံးသပ်ရမည့်ပြဿနာ

၂၁။ တရားလွှတ်တော်ကသုံးသပ်တွေ့ရှိချက်များ

၂၂။ ဆုံးဖြတ်ချက်

၂၃။ နိဂုံး

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရားလွှတ်တော်ချုပ်၏ စာချွန်တော်လျှောက်ထားမှု အမှတ်-၁၃၆၀၄/၂၀၁၈ အား လေ့လာတင်ပြခြင်း

## အပိုင်း(၁)

### နိဒါန်း

၁။ ဤရုံးမှထုတ်ဝေသော ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်အတွဲ (၂) တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြောင်း ဖော်ပြထားပါသည်။ AACC အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တစ်ပြည်ထောင်စနစ်ကို ကျင့်သုံးသောသမ္မတနိုင်ငံဖြစ်သည့်အပြင် Unicameralism စနစ်ကိုကျင့်သုံးသည့်နိုင်ငံလည်းဖြစ်ပါသည်။ ဥပဒေစနစ်မှာ Common Law စနစ်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တည်ထောင်ထားခြင်း မရှိပါ။ သမ္မတဦးဆောင်သော ပါလီမန်စနစ်ကိုကျင့်သုံးပြီး နိုင်ငံတော်အာဏာကို သမ္မတ၊ ဝန်ကြီးချုပ်၊ ဥပဒေပြုလွှတ်တော်၊ တရားလွှတ်တော်ချုပ်တို့ဖြင့် ခွဲဝေကျင့်သုံးပါသည်။ ကမ္ဘာ့လူဦးရေသိပ်သည်းမှု အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသောနိုင်ငံတစ်နိုင်ငံ ဖြစ်သော်လည်း တရားလွှတ်တော်ချုပ်အနေဖြင့် စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့သော အမှုများ၏စီရင်ချက်များကို အချိန်နှင့်တစ်ပြေးညီ တရားလွှတ်တော်ချုပ်၏ https://www. Supreme court. gov.bd/web/ indexn.php Website တွင်ပြည့်စုံစွာ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ယခုစာတမ်းငယ်မှာ ထိုသို့ဖော်ပြထားသောအမှုများအနက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသဖြင့် စာချွန်တော်ထုတ်ဆင့်ပေးရန် လျှောက်ထားသောအမှုအား လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။

### နိုင်ငံ၏ပထဝီအနေအထား

၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရှေ့တောင်အာရှ၌တည်ရှိပြီး စတုရန်းကီလိုမီတာ ၁၃၀,၁၇၀ ကျယ်ဝန်းပါသည်။ မြန်မာနိုင်ငံက ၆၇၆,၅၇၈ စတုရန်းကီလိုမီတာကျယ်ဝန်းသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံထက် ၅ ဆကျော် ပို၍ကျယ်ဝန်းသည်ကိုတွေ့ရှိရပါသည်။ နိုင်ငံ၏အရှေ့ဘက်တွင် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ၊ မြောက်ဘက်နှင့်အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့ရှိပါသည်။ နိုင်ငံ၏မြို့တော်မှာဒါကာဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃ ၌ **နိုင်ငံတော်ဘာသာစကားသည် ဘင်္ဂလား(Bangla) ဘာသာစကားဖြစ်ကြောင်း**၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (၂) ၌ **"ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်သူများကို ဘင်္ဂါလီလူမျိုးများဟု မှတ်ယူရမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို Bangladeshies ဟုခေါ်ဆိုရမည်" "6(2). The people of Bangladesh shall be known as Bangalees as a nation and the citizens of Bangladesh shall be known as Bangladeshies"** ဟု အတိအလင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်ဘာသာမှာ အစ္စလာမ်ဘာသာ ဖြစ်ပြီး ၉၁.၀၄ ရာခိုင်နှုန်းရှိပါသည်။ ဘင်္ဂါလီလူမျိုး ၉၉

ရာခိုင်နှုန်းရှိပြီး ကမ္ဘာတွင် (၈) နိုင်ငံမြောက် လူဦးရေအထူထပ်ဆုံး နိုင်ငံဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် လူဦးရေစုစုပေါင်း ၁၆၉,၅၁၉,၀၄၅ ရှိကြောင်း တွေ့ရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ယခုလက်ရှိကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။




**ဘင်္ဂလားဒေ့ရှ်နိုင်ငံမြေပုံ**

## တရားစီရင်ရေးစနစ်

၃။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၄ အရ** ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်သို့ အပ်နှင်းထားပြီး တရားလွှတ်တော်ချုပ်ကို အယူခံတရားရုံးနှင့်တရားလွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့် အယူခံတရားရုံးအတွက် ခန့်အပ်ထားသော တရားသူကြီးများသည် အယူခံတရားရုံးတွင် ရုံးထိုင်ရပါသည်။ **အယူခံတရားရုံး(တရားလွှတ်တော်ချုပ်)သည် တရားမနှင့်ပြစ်မှုဆိုင်ရာ အမှုအားလုံးအတွက် နောက်ဆုံးအယူခံတရားရုံးဖြစ်ပါသည်။** ၂၀၂၃ ခုနှစ်၊ ဧပြီလ ၌ အယူခံတရားရုံး

တွင် တရားသူကြီးချုပ်အပါအဝင် တရားသူကြီး (၈)ဦး၊ တရားလွှတ်တော်တွင် အမြဲတမ်း တရားသူကြီး (၇၉) ဦးနှင့် တွဲဖက်တရားသူကြီး (၁၁) ဦး၊ စုစုပေါင်း (၉၀) ဦးဖြင့် ဖွဲ့စည်းထား ကြောင်း တွေ့ရှိရပါသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရားလွှတ်တော်ချုပ်**



**တရားလွှတ်တော်ချုပ်၏စည်းမျဉ်းစည်းကမ်းများထုတ်ပြန်နိုင်ခွင့်အာဏာ**

၄။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၇ အရ** တရားလွှတ်တော်ချုပ်သည် ပါလီမန်ကပြဋ္ဌာန်းသောဥပဒေ တစ်ရပ်ရပ်နှင့်အညီ နိုင်ငံတော်သမ္မတ၏သဘောတူညီချက်ဖြင့် တရားရုံးများက ကျင့်သုံးလိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များကို ပြဋ္ဌာန်းနိုင်သည်။ မည်သည့်တရားခွင်တွင် မည်သည့်တရားသူကြီးများပါဝင်ကြောင်း၊ မည်သူတို့ရုံးထိုင်ရမည်ဖြစ်ကြောင်းကို တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်က သတ်မှတ်ပေး

သည်။ အယူခံတရားရုံးနှင့် တရားလွှတ်တော်များရှိ တရားသူကြီးများအနက် ဝါအရင့်ဆုံး တရားသူကြီးအား သက်ဆိုင်ရာတရားရုံးတွင် ဤအပိုဒ်အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် တရားသူကြီးချုပ်က ခွင့်ပြုနိုင်သည်။

**နိုင်ငံတော်သမ္မတကလွှဲအပ်တင်ပို့လာသောပြဿနာများအပေါ်သဘောထားပေးခြင်း**

၅။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၆ အရ** နိုင်ငံတော်သမ္မတသည် ၎င်းထံတွင် ဥပဒေဆိုင်ရာပြဿနာတစ်ရပ် ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန်အကြောင်းရှိလျှင်၊ အဆိုပါကိစ္စရပ်သည် သဘောသဘာဝအားဖြင့် အများပြည်သူနှင့်သက်ဆိုင်ပြီး အရေးပါသည့်ကိစ္စဖြစ်သည်ဆိုလျှင်၊ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်၏ ထင်မြင်ချက်သဘောထားကို ရယူသင့်သည်ဟု ထင်မြင်လျှင်၊ မည်သည့်အချိန်၌မဆို အယူခံတရားရုံးသို့ အဆိုပါပြဿနာအား လွှဲအပ်တင်ပို့နိုင်သည်။ အယူခံတရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း ကြားနာပြီးနောက် ၎င်း၏ထင်မြင်ချက်ကို နိုင်ငံတော်သမ္မတထံ အစီရင်ခံရမည်ဖြစ်သည်။

**အယူခံတရားရုံး၏စီရင်ပိုင်ခွင့်များ**

၆။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၃** အရ အယူခံတရားရုံးသည် တရားလွှတ်တော်ကချမှတ်ခဲ့သော စီရင်ချက်၊အမိန့်၊ဒီကရီများနှင့် ပြစ်ဒဏ်များအပေါ် အယူခံဝင်ရောက်ခြင်းအား ကြားနာဆုံးဖြတ်ရန် စီရင်ပိုင်ခွင့်ရှိသည်။ တရားလွှတ်တော်၏ စီရင်ချက်၊ အမိန့်၊ ဒီကရီများနှင့် ပြစ်ဒဏ်များအပေါ် အောက်ပါကိစ္စရပ်များ၌ အယူခံ ဝင်ရောက်ခွင့်ရှိသည်-

- က။ ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ အရေးပါသော ဥပဒေဆိုင်ရာပြဿနာ ပေါ်ပေါက်သည့်အမှုကိစ္စ၊
- ခ။ သေဒဏ် သို့မဟုတ် တစ်ကျွန်းဒဏ်အား အတည်ပြုရန်ကိစ္စ၊
- ဂ။ တရားလွှတ်တော်အား မထေမဲ့မြင်ပြုသူအပေါ် ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ပါလီမန်ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း အခြားကိစ္စရပ်များတွင် ပြစ်ဒဏ်ချမှတ်ခြင်း ။

အထက်ပါအချက်များ၌ အကျုံးမဝင်သောကိစ္စများကိုမူ အယူခံတရားရုံးက ခွင့်ပြုပေးသည့်အခါမှ အယူခံဝင်ခွင့်ရှိမည်ဖြစ်ပါသည်။

**တရားလွှတ်တော်ချုပ်၏စီရင်ချက်များစည်းနှောင်မှုရှိခြင်း**

၇။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁** အရ အယူခံတရားရုံး (တရားလွှတ်တော်ချုပ်)က ချမှတ်သော ဆုံးဖြတ်ချက်များသည် တရားလွှတ်တော်အပေါ်စည်းနှောင်မှုရှိပြီး တရားလွှတ်တော်ကချမှတ်သော ဆုံးဖြတ်ချက်များသည် လက်အောက်ခံတရားရုံးများအားလုံး အပေါ် စည်းနှောင်မှုရှိသည်။

**တရားလွှတ်တော်၏စီရင်ပိုင်ခွင့်**

၈။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၁** အရ တရားလွှတ်တော်သည် မူလမှုများ၊ အယူခံမှုများနှင့် အခြားစီရင်ပိုင်ခွင့်များရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အခြားဥပဒေအရ အပ်နှင်းထားသည့်အတိုင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည်။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၂ အရ** အချို့သောအမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပေးနိုင်သည့် တရားလွှတ်တော်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) နစ်နာသူတစ်ဦးဦးက လျှောက်ထားလာလျှင် တရားလွှတ်တော်သည် နိုင်ငံ၏ အရေးကိစ္စနှင့်ဆက်နွယ်နေသည့် လုပ်ငန်းတာဝန်တစ်ရပ်ရပ်အား ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်တစ်ဦးဦးအပါအဝင် လူတစ်ဦးဦး သို့မဟုတ် အာဏာပိုင်ထံ လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များကိုဖြစ်စေ၊ အမိန့်များကိုဖြစ်စေ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အပိုင်း (၃) အရ ပေးအပ်ထားသော အခြေခံအခွင့်အရေးတစ်ရပ်ရပ်အား လိုက်နာစေခြင်းအတွက် သင့်တော်သည့် အတိုင်း ထုတ်ပေးနိုင်သည်။

(ခ) ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသည့် ထိရောက်အကျိုးရှိသောအခြားကုစားခွင့် မရှိကြောင်းကျေနပ်လျှင် တရားလွှတ်တော်သည် နစ်နာသူတစ်ဦးက လျှောက်ထားလာသည့်အခါ ထိုလျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(၁) နိုင်ငံ၏ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့၏ အရေးကိစ္စနှင့် ဆက်နွယ်နေသည့် လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးအား ဥပဒေအရ ခွင့်ပြုထားခြင်းမရှိသည်ကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန် သို့မဟုတ် ဥပဒေအရ လိုအပ်သည့်အတိုင်းဆောင်ရွက်ရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်၊

(၂) နိုင်ငံ၏ သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့၏ အရေးကိစ္စနှင့် ဆက်နွယ်နေသည့် လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦး၏ ပြုလုပ်မှု သို့မဟုတ် ဆောင်ရွက်ချက်တစ်ရပ်ရပ်သည် ဥပဒေအရလုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ထားကြောင်း သို့မဟုတ် ဥပဒေအရအကျိုးသက်ရောက်မှုမရှိကြောင်း ကြေညာသည့်အမိန့်တရပ်။

**တရားသူကြီးများခန့်အပ်ခြင်း**

၉။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၅** အရ တရားသူကြီးချုပ်အား နိုင်ငံတော်သမ္မတကခန့်အပ်ပြီး ကျန်တရားသူကြီးများကို တရားသူကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ပြီး နိုင်ငံတော်သမ္မတကခန့်အပ်ပါသည်။ တရားသူကြီးများ၏ အရည် အချင်းများမှာ-

- နိုင်ငံသားဖြစ်ရမည်။
- တရားလွှတ်တော်ချုပ်ရှေ့နေအဖြစ် (၁၀)နှစ်ထက်မနည်း ဆောင်ရွက်ခဲ့သူ

  သို့မဟုတ်
- ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း တရားရေးဌာန၌ (၁၀)နှစ်ထက်မနည်း ဆောင်ရွက်ခဲ့သူ

  သို့မဟုတ်
- တရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်ရန်အတွက် ဥပဒေအရသတ်မှတ်ထားသည့် အရည်အချင်းရှိသူ တို့ဖြစ်ပါသည်။

၁၀။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၆** အရ တရားသူကြီးများသည် အသက် ၆၇ နှစ်အထိ တာဝန်ထမ်းဆောင်နိုင်ပြီး မလျော်ကန်သည့် အပြုအမူ သို့မဟုတ် တရားသူကြီးတစ်ဦး၏အရည်အချင်းပြည့်မီခြင်းမရှိကြောင်း ပါလီမန်အဖွဲ့ဝင် စုစုပေါင်း၏ ၃ ပုံ ၂ ပုံထက် မနည်းသောအဖွဲ့ဝင်များက ထောက်ခံသည့်ဆုံးဖြတ်ချက်အရ ချမှတ်ထားသော နိုင်ငံတော်သမ္မတ၏ အမိန့်အရမှတစ်ပါး တရားသူကြီးတစ်ဦးအား ရာထူးမှထုတ်ပယ်ခြင်းမပြုရပါ။ မမာမကျန်းဖြစ်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် တရားသူကြီးချုပ်၏နေရာလစ်လပ်လျှင် အယူခံတရားရုံးမှ ဝါအရင့်ဆုံးတရားသူကြီးက တရားသူကြီးချုပ်၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားရုံးများအဆင့်ဆင့်ဖွဲ့စည်းပုံ**

၁၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တရားရုံးများအဆင့်ဆင့်ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




Hierarchy of Courts in Bangladesh (2020)

## အပိုင်း(၂)

**ဖတ်ကြားသည့်အမှုနှင့်သက်ဆိုင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ**

၁၂။ **(က) ဖတ်ကြားသည့်အမှုနှင့် သက်ဆိုင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များမှာ-**

- ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၇ - ဥပဒေ၏ရှေ့မှောက်တွင်တန်းတူညီမျှရှိခွင့်၊
- ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်၂၉ - အစိုးရအလုပ်အကိုင်များတွင် အခွင့်အလမ်း ညီတူညီမျှရပိုင်ခွင့်၊
- ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၁ - ဥပဒေ၏အကာအကွယ်ကိုရယူပိုင်ခွင့် တို့ဖြစ်ကြပါသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၄၄ - (၁) ဤအပိုင်းအရ အပ်နှင်းထားသော အခြေခံလွတ်လပ်ခွင့်များကို အထမြောက်အောင် အတည်ပြုဆောင်ရွက်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၂၊ အပိုဒ်ခွဲ(၁)နှင့်အညီ တရားလွှတ်တော်သို့ တင်သွင်းခွင့်ကို အာမခံပေးသည်။
  (၂)အပိုဒ် ၁၀၂ ပါ တရားလွှတ်တော်၏ လုပ်ပိုင်ခွင့်များကို မထိခိုက်စေဘဲ အခြားတရားရုံးတစ်ရုံးအား လုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ ပါလီမန်က လုပ်ပိုင်ခွင့်များ ကိုလွှဲအပ်နိုင်သည်။

**(ခ) ဖတ်ကြားသည့်အမှုနှင့်သက်ဆိုင်သည့် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်**

- ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၂၆ - တရားလွှတ်တော်၏ အချို့သောစာချွန်တော်များ ထုတ်ဆင့်နိုင်သည့်အာဏာ

**ဖတ်ကြားသည့်အမှုနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ**

၁၃။ ဖတ်ကြားမည့်အမှုနှင့် သက်ဆိုင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များမှာ-

- **၁၉၇၄ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) အက်ဥပဒေ ပုဒ်မ ၄ ။** နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့် သက်တမ်းသည် **၅၇ နှစ်**ဖြစ်သည်။
- **၂၀၁၂ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)အက်ဥပဒေအား ပြင်ဆင်သည့် ဥပဒေ။** ၁၉၇၄ ခုနှစ် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) အက်ဥပဒေ ပုဒ်မ ၄ ပါ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူရမည့်အသက်အား **၅၉ နှစ်**အဖြစ် ပြင်ဆင်သတ်မှတ်သည်။
- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုင်း(၁) ၊ နည်းဥပဒေ ၉ ။** နိုင်ငံ့ဝန်ထမ်း တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်ထားသူက ဖြည့်သွင်းဖော်ပြထား သောအသက်သည် ၎င်း၏ သက်တမ်းတစ်လျှောက်လုံးတွင် အကျုံးဝင်မည်ဖြစ်ပြီး နောက်ပိုင်း၌ မည်သည့်ရည်ရွယ်ချက်အတွက်မဆို အဆိုပါဖော်ပြချက်အား ပြောင်းလဲပိုင်ခွင့်မရှိစေရ သို့မဟုတ် ထိုသို့ပြောင်းလဲရန် ခွင့်မပြုရ။
- **အရပ်ရပ်ဆိုင်ရာဘဏ္ဍာရေးနည်းဥပဒေများ နည်းဥပဒေ ၂၄ ။** မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး သို့မဟုတ် အခြားသဘာဝဘေးအန္တရာယ် ဆိုင်ရာ အကြောင်းအရင်းတစ်ခုခုကြောင့် အဆောက်အဦးများ၊ ဆက်သွယ်ရေးလမ်း ကြောင်းများ သို့မဟုတ် အခြားလုပ်ငန်းဆိုင်ရာ ပစ္စည်းပစ္စယများ ကဲ့သို့သော မရွေ့ မပြောင်းနိုင်သည့်ပစ္စည်းများနှင့် စပ်လျဉ်းသော ပြင်းထန်သည့်ဆုံးရှုံးမှုတစ်ခုခုကို သက်ဆိုင်ရာဌာနအကြီးအကဲထံ ဌာနဆိုင်ရာအရာရှိက ချက်ချင်း အစီရင်ခံရမည် ဖြစ်ပြီး နောက်ဆုံးတွင် အစိုးရထံသို့ အချင်းဖြစ်ကိစ္စအား တင်ပြရမည်။ ဖြစ်ပွားရ သည့်အကြောင်းနှင့် မည်မျှဆုံးရှုံးနစ်နာရကြောင်းနှင့်စပ်လျဉ်း၍ အပြည့်အဝစုံစမ်း စစ်ဆေးပြီးလျှင် အသေးစိတ်အစီရင်ခံစာအား သက်ဆိုင်သည့် ဌာနဆိုင်ရာ အရာရှိက ဌာနအကြီးအကဲထံပေးပို့ရမည်။ တစ်ချိန်တည်းမှာပင် အစီရင်ခံစာ မိတ္တူ သို့မဟုတ် အစီရင်ခံစာအကျဉ်းချုပ်ကို သက်ဆိုင်ရာ ငွေစာရင်းအရာရှိချုပ် ထံပေးပို့ရမည်။
- **အရပ်ရပ်ဆိုင်ရာဘဏ္ဍာရေးနည်းဥပဒေများ နည်းဥပဒေ ၁၁၆။** အမြဲတမ်း သို့မ ဟုတ် ယာယီရာထူးခန့်အပ်မှုကို ပြုလုပ်ရာ၌ နိုင်ငံ့ဝန်ထမ်းဌာနများတွင် အမျိုးမျိုး သော တစ်ဆင့်ခံအာဏာပိုင်များ၏ ခွင့်ပြုပိုင်ခွင့်အာဏာများကို ဘဏ္ဍာရေးဆိုင် ရာ လုပ်ပိုင်ခွင့်များအား လွှဲအပ်ခြင်း၌ သတ်မှတ်ပြဋ္ဌာန်းထားသည်။ မီးရထားဌာနရှိ တစ်ဆင့်ခံအာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များကို ယင်းဌာန၏ ဘဏ္ဍာရေးကျင့်ထုံး နှင့်စည်းမျဉ်းများ၌ ဖော်ပြချမှတ်ထားသည်။

အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ၊ လက်ရှိရာထူးခန့်ထားမှုလစာကို တိုးမြှင့် ခြင်းတစ်ရပ်ရပ်အတွက်ဖြစ်စေ အဆိုပြုချက်အားလုံးကို ဌာနအကြီးအကဲနှင့်

အခြားသက်ဆိုင်ရာအာဏာပိုင်များက သေချာကျနစွာ စေ့စေ့စပ်စပ် ကြည့်ရှု စစ်ဆေးသင့်သည်။

- **အရပ်ရပ်ဆိုင်ရာဘဏ္ဍာရေးနည်းဥပဒေများ နည်းဥပဒေ ၁၁၇။** အမှုထမ်းအဖွဲ့ အသစ် သို့မဟုတ် အမှုထမ်းအဖွဲ့အား ပြောင်းလဲပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသည့် တင်ပြချက်ကို ရုံးဌာနတွင် အဆိုပြုသည့်အခါ အဆိုပြုချက်ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသောစာနှင့် ထိုသို့ပေါ်ပေါက်ရသည့် အခြေအနေများအား ရှင်းလင်း တင်ပြချက်နှင့်အတူ သက်ဆိုင်ရာအာဏာပိုင်ထံ တင်သွင်းရမည်။

## စီရင်ဆုံးဖြတ်ခဲ့သည့်တရားရုံး

၁၄။ ဘင်္ဂလားဒေ့ရှ် တရားလွှတ်တော် (တရားလွှတ်တော်ချုပ်၊ ရုံးထိုင်) သို့ တင်သွင်းခြင်း ဖြစ်ပြီး မူလစီရင်ပိုင်ခွင့်အာဏာအတွင်းကျရောက်ပါသည်။ တင်သွင်းသည်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပိုဒ် ၁၀၂ နှင့် ၄၄ အရဖြစ်ပြီး တရားသူကြီး မစ္စတာ အမ်ဒီ - အက်ရှ်ဖကျူ အစ္စလာမ် နှင့် မစ္စတာ မိုဟာမက်အလီတို့ ရှေ့မှောက်၌ ကြားနာခဲ့ခြင်းဖြစ်ပါသည်။ (၃) ကြိမ် ကြားနာခဲ့ပြီး (၄) ကြိမ်မြောက်တွင် စီရင်ချက်ချမှတ်ခဲ့ပါသည်။ စုစုပေါင်းကြာချိန်မှာ ၂၃-၁-၂၀၁၉ ရက်နေ့မှ ၂၄-၁၀-၂၀၁၉ ရက်နေ့အထိ (၂၇၅) ရက်ကြာမြင့်သည်ကို တွေ့ရှိရပါသည်။

## အမှုတွင်ပါဝင်သူများ

၁၅။ လျှောက်ထားသူအမည်မှာ အမ်ဒီ မိုရှီရာ ရာမန်ဖြစ်ပြီး လျှောက်ထားခံရသူများမှာ ဘင်္ဂလား ဒေ့ရှ်အစိုးရကိုယ်စား အတွင်းရေးမှူး၊ ပြည်သူ့အုပ်ချုပ်ရေးဝန်ကြီးဌာန၊ ရမ်နာစီမံခန့်ခွဲရေး ခရိုင်၊ ဒါကာမြို့နှင့် အခြားသူများဖြစ်ပါသည်။

- **လျှောက်ထားသူအတွက်** တရားလွှတ်တော်ရှေ့နေကြီး မစ္စတာအမ်ဒီ ရိုခန် အူဒင် မာမွတ်၊ တရားလွှတ်တော်ရှေ့နေ မစ္စတာ အမ်ဒီ အူဇီလာနှင့် မစ္စတာ အမ်ဒီ မိုရာဇမ် ဟူစိန် တို့ဖြစ်ကြပါ သည်။
- **လျှောက်ထားခံရသူ(၁)နှင့် (၄) အတွက်** တရားလွှတ်တော်ရှေ့နေ မစ္စတာ မိုဟာမက်မိုဇမ် ရာရှစ်နှင့် မစ္စတာမိုဟာမက် ဇီရှန် မိုဇမ် တို့ဖြစ်ကြပါသည်။

## အမှုအကြောင်းအရာအကျဉ်းချုပ်

၁၆-၁။ အမှုအကြောင်းအရာအကျဉ်းချုပ်မှာ- လျှောက်ထားသူ အမ်ဒီ မိုရှီရာ ရာမန်သည် ၂-၁-၁၉၆၂ ရက်နေ့တွင် မွေးဖွားခဲ့သူဖြစ်ကြောင်း၊ ၎င်းသည် ငယ်ငယ်ရွယ်ရွယ်နှင့် အလယ်တန်းပညာကို အောင်မြင်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ဂျက်ရှောခရိုင်၊ အလယ်တန်းအဆင့်ပညာရေး ဘုတ်အဖွဲ့၏ လက်အောက်ရှိ ဘဂါရှာရာယူနိုက်တက် အထက်တန်းကျောင်းမှ အခြေခံပညာအလယ်တန်း အောင်လက်မှတ်ကိုရရှိခဲ့ကြောင်း၊ ထိုအောင်လက်မှတ်တွင် လျှောက်ထားသူမွေးဖွားသည့် နေ့ရက်

အမှန်ဖြစ်သော **၂-၁-၁၉၆၂ ရက်နေ့အစား ၂-၁-၁၉၆၀ ရက်နေ့**ဟု ဘုတ်အဖွဲ့က မှားယွင်းစွာ ဖော်ပြ၍ ထုတ်ပေးခဲ့ကြောင်း၊ ထိုစဉ်က နိုင်ငံအနှံ့အပြားတွင်ဖြစ်ပေါ်နေသော လူမှုစီးပွားရေး အခြေအနေများအရ အမှုမဲ့အမှတ်မဲ့ သတိမထားခြင်းနှင့် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များ ကင်းမဲ့နေခဲ့ခြင်းတို့ကြောင့် လျှောက်ထားသူ၏ အောင်လက်မှတ်တွင် အမှား အယွင်းဖြစ်ပေါ်နေမှုကို ပြန်လည်ပြင်ဆင်တည့်မတ်ပေးရန် အရေးယူဆောင်ရွက်ခြင်းများ မရှိခဲ့ ကြောင်း၊

၁၆-၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ့ဝန်ထမ်းစာမေးပွဲ လျှောက်လွှာဖြည့်စဉ်က လျှောက်ထားသူက ထိုမှားယွင်းချက်အားဖော်ပြခဲ့ကြောင်း၊ ၄-၇-၁၉၇၆ ရက်စွဲဖြင့် ထုတ်ပေးခဲ့သော အခြေခံပညာ အလယ်တန်းအောင်လက်မှတ်တွင် လျှောက်ထားသူ၏ မွေးနေ့အားမှားယွင်းစွာဖော်ပြထားသည်ဟု တင်ပြခဲ့သော်လည်း ၎င်းအနေဖြင့်မွေးနေ့အမှန်မှာ ၂-၁-၁၉၆၂ ဖြစ်သည်ဆိုသော အချက်ကို ထောက်ခံသည့် အခြားတရားဝင်အထောက်အထား တစ်စုံတစ်ရာမျှ မတင်ပြနိုင်ခဲ့ကြောင်း၊ ထိုသို့တင်ပြနိုင်မှုမရှိသည့်အတွက် လျှောက်ထားသူက အောင်လက်မှတ်တွင် ဖော်ပြထားသည့် မှားယွင်းသည်ဆိုသော မွေးနေ့ကိုသာလျှင် အစိုးရဝန်ထမ်းလျှောက်လွှာ၌ ရေးသားဖြည့်သွင်းခဲ့ ကြောင်း၊

၁၆-၃။ ထို့နောက် အောင်လက်မှတ်တွင်ပေါ်ပေါက်နေသော မှားယွင်းမှုကို ပြန်လည်ပြုပြင်ရန် အတွက် အစိုးရအမှုထမ်းအဖွဲ့ (Cadre Service) သို့ ဝင်ရောက်မလုပ်ကိုင်မီ ၁၉၈၆ ခုနှစ်တွင် အဆိုပါမွေးနေ့အမှားကို ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ကြောင်း၊ ၂၁-၄-၁၉၈၇၊ ၁၁-၆-၁၉၈၇ နှင့် ၁၂-၆-၁၉၈၇ နေ့များတွင်မှားယွင်းသော မွေးနေ့ ၂-၁-၁၉၆၀ အစား ၂-၁-၁၉၆၂ ဖြစ်ကြောင်း လိုအပ်သောအထောက်အထားများကို စစ်ဆေးလက်ခံခဲ့ကြောင်း၊ သို့ရာတွင် မွေးနေ့အမှန်နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံသို့ ၂၀၀၆ ခုနှစ် နိုဝင်ဘာလမတိုင်ခင်အထိ အသိပေးခဲ့ခြင်းမရှိကြောင်း၊ လျှောက်ထားသူက အစိုးရအမှုထမ်းအဖွဲ့ (Cadre Service) သို့ ဝင်ရောက်မလုပ်ကိုင်မီ ဂျက်ရှောဘုတ်အဖွဲ့က ၂၁-၄-၁၉၈၇ ရက်နေ့တွင် မွေးနေ့မှားယွင်းမှုကို ပြင်ဆင်ပေးခဲ့သော်လည်း ထိုဆုံးဖြတ်ချက်ကို လျှောက်ထားသူကမသိရှိသဖြင့် ၎င်း၏ ကိုယ်ရေး အချက်အလက် (Personal Data Sheet)နှင့် အခြားဌာနဆိုင်ရာ အထောက်အထားများတွင် မွေးနေ့အမှားကိုသာဖော်ပြခဲ့ကြောင်း၊

၁၆-၄။ သို့အတွက် ဘုတ်အဖွဲ့သည် မွေးနေ့အမှန် ပြင်ဆင်ဆုံးဖြတ်ချက်ကို ၁-၁၁-၂၀၀၆ ခုနှစ် တွင်မှ လျှောက်ထားသူထံ အသိပေး အကြောင်းကြားခဲ့ကြောင်း၊ ထိုအောင်လက်မှတ် အသစ်ကို ရရှိခဲ့သဖြင့် ၁၄-၆-၂၀၀၇ ရက်နေ့တွင် မွေးနေ့အမှန်ဖြစ်ကြောင်း တရားဝင်အထောက်အထား ဖြစ်သည့် အောင်လက်မှတ်အသစ်တွင် ဖော်ပြထားသည့်အတိုင်း လိုအပ်သလိုဆောင်ရွက်နိုင်ရန်နှင့် ကိုယ်ရေးမှတ်တမ်းတွင် ရေးသွင်းဖော်ပြနိုင်ရန် လျှောက်ထားခံရသူများထံသို့ လျှောက်ထားခဲ့

ကြောင်း၊ ၇-၄-၂၀၁၆ ရက်နေ့တွင် ၎င်း၏ တင်ပြချက်အား ထောက်ခံသည့် လိုအပ်သော အထောက်အထားများ တင်သွင်းရန်လျှောက်ထားခံရသူများက ညွှန်ကြားခဲ့ကြောင်း၊ လျှောက်ထားသူက အဆိုပါအကြောင်းကြားစာကို ပြန်ကြားရန် ကြန့်ကြာရသည့် အကြောင်းအရင်းများကို ရှင်းလင်းဖော်ပြပြီး ၁၄-၁-၂၀၁၈ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားခဲ့ကြောင်း၊

၁၆-၅။ လျှောက်ထားသူက အကိုးအကားအဖြစ် ထပ်မံဖော်ပြသည်မှာ "ငွေကြေးစနစ် ကြီးကြပ်ထိန်းသိမ်းရေးနှင့် စာရင်းစစ်ချုပ်ရုံးသည် ဂျက်ရှောဘုတ်အဖွဲ့မှ ပြန်လည် ပြင်ဆင်ထုတ်ပေးခဲ့သော အလယ်တန်းကျောင်းအောင်လက်မှတ်ကိုလက်ခံခဲ့ပြီး မွေးနေ့အမှန်ကို ပြင်ဆင်ရန် ခွင့်ပြုခဲ့ကြောင်း၊ အမှုထမ်းစာအုပ်နှင့် မှတ်တမ်းများတွင်ရေးသွင်းခဲ့ကြောင်း"၊ လျှောက်ထားခံရသူအမှတ် (၂)က မွေးနေ့အမှန်ပြင်ဆင်ခြင်းအတွက် ဂျက်ရှောဘုတ်အဖွဲ့၏ သက်ဆိုင်ရာ ဖိုင်တွဲနှင့်အတူ အထောက်အထားများကို တင်သွင်းရန် ၂၄-၆-၂၀၁၈ ရက်နေ့တွင် လျှောက်ထားသူအား ညွှန်ကြားခဲ့ကြောင်း၊ လျှောက်ထားခံသူအမှတ် (၂) သည် ဂျက်ရှောဘုတ်အဖွဲ့ထံသို့လည်း လျှောက်ထားချက်နှင့်စပ်ဆိုင်သည့် မှတ်တမ်းများကိုပေးပို့ရန် ၁၉-၇-၂၀၁၈ ရက်နေ့၌ အကြောင်းကြားခဲ့ကြောင်း၊

၁၆-၆။ စီမံခန့်ခွဲရေးဝန်ကြီးဌာန၊ ဒုတိယအတွင်းရေးမှူး၊ လျှောက်ထားခံရသူ အမှတ် (၄) သည် လျှောက်ထားသူ၏ကိုယ်ရေးအချက်အလက်ပါ မွေးနေ့ကိုပြင်ဆင်ရန်အတွက် လျှောက်ထားချက်ကို အပြီးသတ်ဆုံးဖြတ်ချက် တစ်စုံတစ်ရာချမှတ်ခြင်းလည်းမပြု၊ အကြောင်းပြချက် တစ်စုံတစ်ရာဖော်ပြခြင်းလည်းမပြုဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုင်း (၁)ကို အထောက်အထားပြု၍ ၄-၉-၂၀၁၈ ရက်စွဲပါစာဖြင့် အမိန့်ထုတ်ပြန်ပြီး မှတ်တမ်းဖိုင်တွင် ထိန်းသိမ်းထားခဲ့ကြောင်း၊ သို့အတွက် လျှောက်ထားသူက ၎င်း၏အသက်နှင့်စပ်လျဉ်း၍ အမှန်မွေးနေ့ရက်အတိုင်း သတ်မှတ်ပေးသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် ဤရုံးသို့တင်သွင်းခဲ့ခြင်းဖြစ်သည်။

**တရားလွှတ်တော်ကချမှတ်ခဲ့သည့်ကနဦးအမိန့်ပါအချက်များ**

၁၇။ တရားလို၏လျှောက်လွှာပါပေါ်ပေါက်ချက်များအရ တရားလွှတ်တော်က အောက်ပါအချက်များ ပါရှိသည့်အမိန့်ကို ၄-၁၁-၂၀၁၈ ရက်နေ့က ချမှတ်ခဲ့သည်မှာ-

- ဘင်္ဂလားဒေ့ရှ် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုင်း (၁)၏ နည်းဥပဒေ (၉)သည် ပျက်ပြယ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျော်လွန်သည်ဟု မည်သည့်အတွက် မကြေညာသင့်ကြောင်း၊
- လျှောက်ထားခံရသူ အမှတ် (၄)ထုတ်ခဲ့သော ၄-၉-၂၀၁၈ ရက်စွဲပါစာသည် လုပ်ပိုင်ခွင့်မရှိဘဲ ထုတ်ခဲ့ခြင်းဖြစ်ပြီး ဥပဒေအရအကျိုးသက်ရောက်မှုမရှိသဖြင့် မည်သည့်အတွက် ထိုသို့မထုတ်ပြန်ခဲ့သင့်ကြောင်း၊

- အခြေခံပညာအလယ်တန်းကျောင်း အောင်လက်မှတ်ရှိ လျှောက်ထားသူ၏ အသက်အား သေချာစွာလေ့လာစိစစ်ရေးအတွက် သင့်တော်၍စေ့စပ်သေချာသော ပြုလုပ်မှုကိုဆောင်ရွက်ရန် လျှောက်ထားခံရသူများအပေါ် ညွှန်ကြားသည့်အမိန့်ကို မည်သည့်အတွက်ထုတ်မပေးသင့်ကြောင်းနှင့်
- ရုံးက သင့်သည်ထင်မြင်သည့်အတိုင်းချမှတ်ခဲ့သည့် အမိန့် သို့မဟုတ် အမိန့်များကို မည်သည့်အတွက် မချမှတ်သင့်ကြောင်း ဟူ၍ဖြစ်ပါသည်။

**ပိုနေမြဲ ကျားနေမြဲအမိန့်**

၁၈။ အထက်ပါအမိန့်ချမှတ်သည့်အချိန်တွင် တရားရုံးက အမှုသည်များအား အချင်းဖြစ်ကိစ္စနှင့် စပ်ဆိုင်သောအထောက်အထားများကို လက်ရှိအခြေအနေအတိုင်း ထိန်းသိမ်းထားရန် ညွှန်ကြားသည့် ပိုနေမြဲ ကျားနေမြဲအမိန့်တစ်ရပ်ကိုလည်း ချမှတ်ခဲ့သည်။

**တရားလိုဖက်မှလျှောက်ထားချက်များ**

၁၉-၁။ လျှောက်ထားသူ၏ရှေ့နေကြီးက အဓိကတင်ပြသည်မှာ ၄-၉-၂၀၁၈ ရက်နေ့က ထုတ်ခဲ့သောအမိန့်သည် တရားမဝင်သည်မှာထင်ရှားပြီး ဥပဒေအရလုပ်ပိုင်ခွင့်မရှိဘဲ ချမှတ်ထားခြင်းဖြစ်ကြောင်း၊ ဥပဒေအရရော အကြောင်းခြင်းရာအရပါ တရားလိုအားထိခိုက်နစ်နာစေကြောင်း၊ သဘာဝတရားမျှတမှု အခြေခံမူများကို ချိုးဖောက်ချမှတ်ထားခြင်းလည်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၇၊ ၂၉ နှင့် ၃၁ တို့အရ အခြေခံအခွင့်အရေးများကို ချိုးဖောက်ကြောင်း၊

၁၉-၂။ ၂၈-၁၁-၂၀၀၆ ရက်နေ့က ဘုတ်အဖွဲ့မှထုတ်ပေးသော အခြေခံပညာအလယ်တန်း အောင်လက်မှတ်သည် လျှောက်ထားသူ၏အသက်ကို ထောက်ခံသည့် တရားဝင်ဥပဒေ အထောက်အထားဖြစ်ကြောင်း၊ လျှောက်ထားခံရသူများက ထည့်သွင်းစဉ်းစားသင့်သော အထောက်အထားဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၉ အား ဘဏ္ဍာရေးနည်းဥပဒေ ၂၄ နှင့် တွဲဖက်ဖတ်ရှုလျှင် အမှုထမ်းမှတ်တမ်းပါမွေးရက်ကို အဆိုပါအခြေအနေ၌ အမှန်ပြန်လည်ပြင်ဆင်ခြင်း ပြုလုပ်နိုင်ပါကြောင်း၊ ဆောင်ရွက်ပိုင်ခွင့်ရှိသူကထုတ်ပေးသည့် လျှောက်ထားသူ၏ အလယ်တန်းကျောင်းအောင်လက်မှတ်ကို ပြင်ဆင်ထားသည့်အပေါ်အခြေခံပြီး အမှုထမ်းမှတ်တမ်းကို ပြန်လည်ပြင်ဆင်မည်ဆိုပါက ဥပဒေလုပ်ထုံးလုပ်နည်းအားလုံးနှင့် ညီညွတ်သည့်အတွက် ဂျက်ရှော ဘုတ်အဖွဲ့အနေဖြင့် မမျှတမှုနှင့်ကြောင်းကျိုးမသင့်မှုတို့ ပြုလုပ်ရာရောက်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် လျှောက်ထားခံရသူအမှတ်(၄)က ထုတ်ပြန်ခဲ့သည့် တရားဝင်ကြောင်း သံသယဖြစ်ဖွယ်ရှိသည့် အမိန့်သည် ဥပဒေအရ ထိရောက်မှုမရှိ၊ တရားမဝင်သောအမိန့်ဟု ထုတ်ပြန်ကြေညာပေးသင့်ပါကြောင်း၊

၁၉-၃။ "**<u>Pragati Industries Ltd. vs. AKM Mafizur Rahman and others eported in 16 BLC (HC) 374 "</u>** အမှုတွင် ငွေကြေးစနစ်ကြီးကြပ်ထိန်းသိမ်းရေးနှင့် စာရင်းစစ်ချုပ်ရုံးသည် ဂျက်ရော ဘုတ်အဖွဲ့၏ အခြေခံပညာအလယ်တန်းအောင်လက်မှတ်ကို လက်ခံခဲ့ပြီး မစ္စတာ ဂျီအမ် အာနီဆာ ရာမန်၏ အမှုထမ်းစာအုပ်၌ မွေးနေ့အမှန်ကို ပြန်လည်ပြင်ဆင်ရန် ခွင့်ပြုခဲ့ကြောင်း၊ ထိုအမှုတွင် ကြောင်းကျိုးသင့်တော်မှုရှိသည့် တရားစီရင်ရေးဆိုင်ရာမူများကို ကျင့်သုံးခဲ့ပြီးမွေးနေ့ရက်ကို ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း၊ အရပ်ရပ်ဆိုင်ရာ ဘဏ္ဍာရေးနည်း ဥပဒေ ၁၁၆ နှင့်အတူ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၉ ကို တွဲ၍ဖတ်ရှုလျှင် ဌာနဆိုင်ရာအမှုထမ်း မှတ်တမ်းများ၌ အချို့သော အခြေအနေများတွင် မွေးနေ့ရက်ကို အမှန်ပြန်၍ပြင်ဆင်နိုင်ကြောင်း၊ လျှောက်ထားခံရသူ အမှတ် ၄ ထုတ်ပြန်ခဲ့သော သံသယဖြစ်ဖွယ် အမိန့်ပါအတိုင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ အပိုင်း (၁) အား ထဲထဲဝင်ဝင် စဉ်းစားသုံးသပ်မှုမပြုဘဲ နည်းဥပဒေပါ စကားရပ်များကို လေ့နံ့ခါးထစ်မှတ်ယူ၍ သမရိုးကျအနက်ကောက်ယူ လက်ခံမည်ဆိုလျှင် လျှောက်ထားသူအား ကြီးမားသောနစ်နာမှုကို ဖြစ်စေမည်ဖြစ်ပါကြောင်း၊

၁၉-၄။ အထူးအလေးအနက်ထားတင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထား သော အခြေခံအခွင့်အရေးများကို သိသာထင်ရှားစွာ ချိုးဖောက်ပြီး လုပ်ပိုင်ခွင့်အား အပေါ်ယံ သဘော ကျင့်သုံးဆောင်ရွက်၍ အဆိုပါသံသယဖြစ်ဖွယ်အမိန့်ကို ထုတ်ပြန်ခဲ့ခြင်းသာ ဖြစ်ပါ ကြောင်း၊ သို့ပါ၍ အဆိုပါနိုင်ငံ့ဝန်ထမ်း နည်းဥပဒေအား တရားမျှတမှုရှိသည့် နည်းဥပဒေဖြစ်စေရန် အကြွင်းမဲ့ ပြုလုပ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြခဲ့သည်။

**တရားပြိုင်ဖက်မှလျှောက်ထားချက်များ**

၂၀-၁ ။ အခြားတစ်ဖက်မှ လျှောက်ထားခံရသူများကိုယ်စား ရှေ့နေကြီးများက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်မှာ လျှောက်ထားသူအနေဖြင့်မွေးနေ့ကို ၂-၁-၁၉၆၀ ဟု ရေးသွင်းပြီး ၁၉၇၆ ခုနှစ်တွင် အခြေခံပညာအလယ်တန်းအောင်မြင်ခဲ့ကြောင်း၊ ဤသည်မှာ အခြေခံပညာအလယ် တန်းအောင်မြင်သည့် တစ်နိုင်ငံလုံးရှိပျမ်းမျှအသက်ဖြစ်သော ၁၆ နှစ်အရွယ်၌ဖြစ်ကြောင်း၊ အကယ်၍ လျှောက်ထားသူတင်ပြသည့်အတိုင်း ၎င်း၏မွေးနေ့ရက်ကို ပြောင်းလဲပြင်ဆင်ပါက တရားလိုအလယ်တန်းအောင်မြင်သည်မှာ ၁၄ နှစ်အရွယ်သာဖြစ်တော့မည်ဖြစ်ပါကြောင်း၊

၂၀-၂။ စာချွန်တော်ထုတ်ဆင့်ပေးရန်လျှောက်လွှာအရ မွေးနေ့ကိုပြန်လည်ပြင်ဆင်ရန်အတွက် လျှောက်ထားသူကတင်ပြခဲ့ပြီး အစိုးရအမှုထမ်းအဖွဲ့(Cadre Service)သို့ မဝင်ရောက်မီနေ့ ဖြစ်သည့် ၂၁-၄-၁၉၈၇ ရက်နေ့တွင် ဂျက်ရောဘုတ်အဖွဲ့က ရည်ရွယ်ချက်ရှိရှိ ပြင်ဆင်ခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ထိုသို့ ပြင်ဆင်ပေးလိုက်ခြင်းက ဤသို့သောသိမ်မွေ့နက်နဲသည့် ပြဿနာတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ကြောင်း ၊ ဝန်ထမ်းအဖြစ် ဝင်ရောက်သည့်အချိန် ၁၅-၂-၁၉၈၈ နေ့၌ လျှောက်ထားသူ

ကိုယ်တိုင် ၎င်းမွေးနေ့ကို ၎င်းလက်ဖြင့် ၂-၁-၁၉၆၀ ဟု လျှောက်လွှာပုံစံ တွင်ရေးသားဖြည့်သွင်းခဲ့ကြောင်း၊

၂၀-၃။ လျှောက်ထားသူသည် အဆင့်မြင့်ပညာရေးကို ၁၉၇၈ ခုနှစ်၊ B.Sc ကို ၁၉၈၀ ခုနှစ်၊M.A ကို ၁၉၈၃ ခုနှစ်၊ LL.B (Preliminary) ကို ၁၉၈၄ ခုနှစ်တို့တွင် အောင်မြင်ခဲ့သည်မှာ ခုနှစ်အစဉ်အတိုင်း နေရာတကျ ပုံမှန်ဖြစ်နေကြောင်း၊ မွေးရက်အား မှားယွင်းရေးသားထားသည်ကို မည်သည့်အချိန်က မည်သို့မည်ပုံ ရှာဖွေတွေ့ရှိခဲ့သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ သေချာစေရန် ဘုတ်အဖွဲ့သို့လျှောက်ထားသည့်နေ့ရက် သို့မဟုတ် မိတ္တူတစ်စောင်ကိုပင် မတင်ပြခဲ့ကြောင်း၊ အလယ်တန်းအောင်လက်မှတ်တွင် ၎င်း၏မွေးနေ့ကို မှားယွင်းစွာရေးသားဖော်ပြထားသည်ဟုဆိုပြီး စာချွန်တော် လျှောက်ထားသူသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ မသိရှိခဲ့ဟုဆိုခြင်းမှာ အလွန်တရာ အံ့အားသင့်စရာ ဖြစ်ပါကြောင်း၊

၂၀-၄။ စာချွန်တော်လျှောက်ထားချက်အရပင် ဂျက်ရှောဘုတ်အဖွဲ့သည် ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ၎င်း၏မွေးနေ့အမှန်အား ပြန်လည်ပြင်ဆင်ထားသည့်ဆုံးဖြတ်ချက်ကို အသိပေးခဲ့ကြောင်း၊ ပြင်ဆင်ထားသောအောင်လက်မှတ်ကို ၂၈-၁၁-၂၀၀၆ ရရှိသည်ဆိုပြီး ၁၄-၆-၂၀၀၇ နေ့တွင်မှ မွေးနေ့ရက်ပြောင်းလဲရန်အကြောင်းကိစ္စကို ဌာနသို့အသိပေးသည့်အတွက် လျှောက်ထားသူသည် နောက်ထပ်(၇)လအချိန်ယူခဲ့ကြောင်း၊ ဉာဏ်နီဉာဏ်နက်များသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်လျှောက်ထားသူသည် မရိုးမဖြောင့်သောပြုလုပ်မှုဖြင့် လုပ်သက်ကနဦးအစမှစ၍ (၂)နှစ် ထပ်တိုးရန် စီစဉ်ကျူးလွန်ခြင်းများပြုလုပ်ခဲ့ပြီး ဤတရားလွှတ်တော်သို့ မသန့်ရှင်းသောလက်ဖြင့် ၎င်း အငြိမ်းစားယူရမည့် အသက်ရောက်ရှိချိန်တွင် လာရောက်ခြင်းဖြစ်ကြောင်း၊

၂၀-၅။ ဘင်္ဂလားဒေ့ရှ် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၉)နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်သည်ဟု ထုတ်ဖော်ကြေညာရန် မဖြစ်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ပါက ပန်ဒိုရာသေတ္တာကို ဖွင့်လိုက်သကဲ့သို့ဖြစ်သွားပြီး နိုင်ငံ့ဝန်ထမ်းနယ်ပယ်တွင် လုပ်သက်တိုးရန်အတွက် မွေးနေ့ကိုပြန်လည်ပြင်ဆင်ခြင်းများပြုလုပ်ရန် ဝန်ထမ်းများအား မျှားစွာဆွဲဆောင်ရာ ရောက်သည့်အပြင် ရှုပ်ထွေး၍ ဝရုန်းသုန်းကားဖြစ်စေသောအခြေအနေများကို ဖန်တီးရာရောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာချွန်တော်လျှောက်ထားသူက ၎င်း၏လုပ်သက်ကို (၂)နှစ် တိုးချဲ့ရယူခြင်းဖြင့် နည်းဥပဒေကို စိန်ခေါ်မှုများ တိုးပွားလာစေခြင်းသည် မရိုးမဖြောင့်သော လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း၊

၂၀-၆။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုင်း(၁)၊ နည်းဥပဒေ ၉ အား ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်သည်ဟု ကြေညာမည်ဆိုပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံ့ဝန်ထမ်း ယန္တရားကြီးတစ်ခုလုံးသည် စိုးရိမ်မကင်းဖွယ်အန္တရာယ်ထဲသို့ ကျရောက်သွားမည်ဖြစ်ပြီး အစိုးရဌာနအားလုံးတွင် ထိန်းချုပ်၍မရနိုင်သော မင်းမဲ့စရိုက်များကို ဖန်တီးရာရောက်သွားမည်ဖြစ်ကြောင်း၊

Habibur Rahman Khan vs. Bangladesh and others 53 DLR AD 105, Aleem Jute Mills Limited vs. Mia Eklas Uddin Ahmed and others XIII ADC (2016) 107 and G.M., Bharat Coking Coal Ltd., West Bengal vs. Shib Kumar Dushad and others (2000) 8 SCC 696 အမှုများကို ကိုးကားလျှောက်ထားခဲ့ သည်။

**တရားလွှတ်တော်ကစဉ်းစားသုံးသပ်ရမည့်ပြဿနာ**

၂၁။ ဘင်္ဂလားဒေ့ရှ်တရားလွှတ်တော်သည် အသေးစိတ်အချိန်ယူ၍ နှစ်ဖက်အမှုသည်များအား ကြားနာခဲ့ပြီး စာချွန်တော်လျှောက်ထားလွှာ၊ အမှုရှိအထောက်အထားများနှင့် အခြားသောမှတ်တမ်းမှတ်ရာများကို သေချာစွာအနုစိတ် စဉ်းစားသုံးသပ်ပြီးနောက် အောက်ပါပြဿနာရပ်ကို ထုတ်နုတ်ခဲ့သည်။

**"အချင်းဖြစ်ကိစ္စ၏ အချက်အလက် အကြောင်းအရာများနှင့် အခြေအနေများ၊ အထူးသဖြင့် အချို့သောစိုးရိမ်မကင်းဖွယ်ရာ အခြေအနေများသည် သက်ဆိုင်ရာဥပဒေများနှင့်ဆက်စပ်မှုရှိ မရှိ ၊ အငြင်းပွားနည်းဥပဒေသည် ဆက်လက်တည်မြဲစေရန် သင့်မသင့်"**

**တရားလွှတ်တော်ကသုံးသပ်တွေ့ရှိချက်များ**

၂၂-၁ ။ လျှောက်ထားချက်အရ ဂျက်ရှောဘုတ်အဖွဲ့သည် လျှောက်ထားသူ၏ မွေးနေ့အမှန်ဖော်ပြထားသော အောင်လက်မှတ်အသစ်ကို လဲလှယ်ပေးခဲ့ကြောင်း ပေါ်ပေါက်သည်။ အမှုတွင် အငြင်းမပွားသည်မှာ ၄-၇-၁၉၇၆ ရက်စွဲပါ အောင်လက်မှတ်တွင် ပါရှိသည့်အတိုင်း လျှောက်ထားသူ၏ တက္ကသိုလ်ဝင်ခွင့်အောင်လက်မှတ်မူရင်းတွင် ၁၉၆၀ ခုနှစ်ဟုပါရှိကြောင်း၊ လျှောက်ထားသူသည် ၁၉၈၅ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းစာမေးပွဲကိုဖြေဆိုခဲ့ကြောင်း၊ ၁၉၈၇ ခုနှစ်တွင် ဂျက်ရှောဘုတ်အဖွဲ့သည် ဆက်စပ်အစည်းအဝေးများကို ၂၁-၄-၁၉၈၇၊ ၁၁-၆-၁၉၈၇ နှင့် ၁၂-၆-၁၉၈၇ ရက်တို့တွင်ပြုလုပ်ခဲ့ပြီး ၂-၁-၁၉၆၀ ရက်နေ့အစား လျှောက်ထားသူ၏မွေးနေ့အမှန် ဖြစ်သော ၂-၁-၁၉၆၂ ရက်နေ့ကို လက်ခံပြင်ဆင်ပေးရန် စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ လျှောက်ထားသူသည် ၁၉၈၈ ခုနှစ်၌ အစိုးရဌာနသို့ဝင်ရောက်သောအခါ ၎င်း၏မွေးနေ့မှာ၂-၁-၁၉၆၂ ဟု သိရှိခဲ့ သော်လည်း ၎င်း၏လျှောက်လွှာတွင် ၎င်း၏မွေးနေ့အား ၂-၁-၁၉၆၀ အဖြစ် ၎င်းကိုယ်တိုင် ရေးသားဖြည့်သွင်းခဲ့ကြောင်း၊ လျှောက်ထားသူ၏မွေးနေ့အား ၂-၁-၁၉၆၂ အဖြစ် ဂျက်ရှောဘုတ်အဖွဲ့က ရေးသွင်းဖော်ပြခဲ့သည်ကို ၁၉၈၇ ခုနှစ်မတိုင်မီကပင် သိရှိပြီးဖြစ်ခဲ့ကြောင်း၊ အလယ်တန်းကျောင်းအောင်လက်မှတ်ပါ လျှောက်ထားသူ၏မွေးနေ့ကို ပြင်ဆင်ပြောင်းလဲမှုအား ၁-၁၁-၂၀၀၆ ရက်နေ့တွင် ဘုတ်အဖွဲ့က လျှောက်ထားသူအား အသိပေးခဲ့ကြောင်း၊ ၂၈-၁၁-၂၀၀၆ ရက်နေ့တွင် ပြင်ဆင်ထားသောအောင်လက်မှတ်အားရရှိခဲ့ပြီး သို့အတွက် သက်ဆိုင်ရာအာဏာပိုင်အား လိုအပ်သလို ပြင်ဆင်ပေးရန် ၁၄-၆-၂၀၀၇ ရက်နေ့တွင် လျှောက်ထားခဲ့ကြောင်း တို့ဖြစ်သည်။

၂၂-၂။ ဆက်လက်သုံးသပ်သည်မှာ-ဖော်ပြပါအတိုင်း အစိုးရဌာနသို့ဝင်ရောက်သည့် ၁၉၈၈ ခုနှစ်၌ အစိုးရဝန်ထမ်းအငြိမ်းစားယူရမည့်အသက်မှာ ၅၇ နှစ်ဖြစ်ကြောင်း လျှောက်ထားသူက ကောင်းစွာ သိရှိပြီးဖြစ်သည်။ ၂၀-၂-၂၀၁၂ ခုနှစ်တွင်အာဏာသက်ဝင်ခဲ့သည့် ၂၀၁၂ ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေ အား ပြင်ဆင်သည့်ဥပဒေဖြင့် ပုဒ်မ ၄ အား ပြင်ဆင်ခဲ့သည့်အတွက် အစိုးရဝန်ထမ်းအငြိမ်းစားယူရ မည့်အသက်သည် ၅၇ နှစ်မှ ၅၉ နှစ်ဖြစ်လာခဲ့သည်။ တရားလိုသည် ၁၉၇၄ ခုနှစ် နိုင်ငံ့ဝန်ထမ်း ဥပဒေအရ ၎င်းအငြိမ်းစားယူရမည့် အသက်မှာ ၅၇ နှစ်ဖြစ်ကြောင်း သိရှိသည့်အချိန်မှစ၍ ၎င်း၏ အသက်ကို ပြင်ဆင်ရန် အချို့သောလုပ်ဆောင်ချက်များကို စတင်ပြုလုပ်ခဲ့သည်။ ထို့ပြင် လုပ်သက် ၂ နှစ် တိုးပါက လျှောက်ထားသူအမှန်တကယ်အငြိမ်းစားယူရမည့် ၁-၁-၂၀၁၉ ရက်နေ့ နောက်ပိုင်း ၂ နှစ် ဆက်လက် တာဝန်ထမ်းဆောင်နိုင်မည်ကိုလည်း ကောင်းစွာသိရှိပြီးဖြစ်သည်။

၂၂-၃။ ထပ်မံ၍အလေးထားသုံးသပ်ရမည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုင်း (၁) နည်းဥပဒေ ၉ တွင် လမ်းညွှန်ထားသည်မှာ “ **အစိုးရဌာနသို့ဝင်ရောက်ချိန်၌ ထိုသို့ဝင်ရောက်ရန် ရည်ရွယ်ချက်ဖြင့် လျှောက်ထားသူကပြုလုပ်သော အသက်အရွယ်ကြေညာချက်သည် ၎င်းအပေါ် ၌ စည်းနှောင်မှုရှိသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ထိုနေ့နောက်ပိုင်း မည်သည့်ရည်ရွယ်ချက်အတွက် မဆို ထိုသူအား အဆိုပါကြေညာချက်ကို ပြောင်းလဲရန် ခွင့်မပြုရ**” ဟူ၍ ဖြစ်သည်။

၂၂-၄။ လျှောက်ထားခံရသူများအကိုးအကားပြုသည့် Habibur Rahman Khan vs. Bangladesh and others 53 DLR AD 105 အမှု၏ဆုံးဖြတ်ချက်တွင် တရားလွှတ်တော်က ဥပဒေနှင့်အညီ ကြားနာဆုံးဖြတ်ခဲ့သည်မှာ “သက်သေခံအထောက်အထားကို အခြေပြုပြီး Rule 9 အရ ပြုလုပ် သော ကြေညာချက်အား အလုပ်ရှင်က တစ်စိတ်တစ်ဒေသပြင်ဆင်ပြောင်းလဲနိုင်သည်။ ကြေညာ ချက်သည် အမည်စာရင်းအတည်ပြုရာ၌ ပြုလုပ်သော ကြေညာချက်မှန်ကန်ခဲ့လျှင်ဖြစ်စေ၊ မှား ယွင်းခဲ့လျှင်ဖြစ်စေ အလုပ်ရှင်ကို စုံစမ်းစစ်ဆေးရန် တားမြစ်ထားခြင်းမရှိ။ လျှောက်ထားသူသည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၌ ရေးသွင်းခဲ့သော ၎င်း၏မွေးနေ့မှာ မှားယွင်းနေသည်ဟု သက်သေပြရန် ပျက်ကွက်ခဲ့ခြင်းကြောင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၌ တွေ့ရှိရသည့် ၎င်း၏အသက်ကို အခြေတည်၍ ၁၉၇၄ ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၄ ပါ အတိုင်း ၅၇ နှစ် ပြည့်သည့်အချိန်၌ အငြိမ်းစားယူရမည်”ဟူ၍ဖြစ်သည်။

၂၂-၅ ။ လျှောက်ထားခံရသူများကထပ်မံကိုးကားခဲ့သော Aleem Jute Mills Limited vs. Mia Eklas Uddin Ahmed and others XIII ADC (2016) 107 အမှုတွင် အယူခံတရားရုံးက “ဤအမှုတွင် အလယ်တန်းကျောင်းအောင်လက်မှတ်၌ စာချွန်တော်လျှောက်ထားသူကပေးခဲ့သော မွေးနေ့ရက် သည် တရားဝင်အသိအမှတ်ပြုထားသော အထောက်အထားဖြစ်ခြင်းကြောင့် အလယ်တန်း ကျောင်းအောင်လက်မှတ်သည် အမှုသည်တို့အရေးဆိုသော အခြားမွေးနေ့ရက် တစ်ခုခုထက်ပို၍ အလေးသာကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် စာချွန်တော် လျှောက်ထားသူ၏ အလယ်တန်း

ကျောင်းအောင်လက်မှတ်တွင် ပေါ်ပေါက်သော မွေးနေ့ရက်သည် စာချွန်တော် လျှောက်ထားသူ တရားပြိုင် အမှတ် ၁ ၏ တရားဝင် မွေးနေ့ဖြစ်သည်”ဟု ဆုံးဖြတ်ခဲ့သည်။

၂၂-၆။ ထို့ပြင်လျှောက်ထားသူတို့ ထပ်မံကိုးကားတင်ပြခဲ့သည့်အိန္ဒိယတရားလွှတ်တော်ချုပ်မှ ဆုံးဖြတ်ခဲ့သော G.M., Bharat Coking Coal Ltd., West Bengal vs. Shib Kumar Dushad and others (2000) 8 SCC 696 အမှု၌ “ အလုပ်သမားတစ်ဦး၏ မွေးနေ့နှင့်စပ်လျဉ်း၍ အငြင်းပွားသော အမှုတွင် လုပ်ငန်းခွင်သို့ဝင်ရောက်ပြီး အချိန်ကြာမြင့်သည့်အခါမှ အငြင်းပွားမှုပေါ်ပေါက်ခဲ့ ကြောင်း၊ အမှုပါအကြောင်းခြင်းရာသည် သက်ဆိုင်ရာအာဏာပိုင်က အလေးဂရုပြုမှုကို ဟုတ်မှန် ကြောင်း အခိုင်အမာပြောဆိုခဲ့ပြီး အလုပ်သမားနည်းဥပဒေများအရ သတ်မှတ်ထားသော လုပ်ထုံး လုပ်နည်းများ သို့မဟုတ် အလုပ်ရှင်ကထုတ်ပြန်ထားသော အရပ်ရပ်ဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာ၍ ဆုံးဖြတ်ထားကြောင်း၊ မှတ်တမ်း၏အပြင်ပန်းပုံသဏ္ဌာန်၌ ဂဏန်းသင်္ချာ မှားယွင်းမှု တစ်ခုခုကိုဖြစ်စေ၊ သိသာထင်ရှားသော အရေးအသားပုံနှိပ်မှု မှားယွင်းခြင်း တစ်ခုခုဖြစ်စေ ဖြစ်ပွားခဲ့သည်ဟု ထိုအမှုတွင် ပေါ်ပေါက်ခဲ့ခြင်းမရှိကြောင်း၊ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၂၆ အရ တရားလွှတ်တော်က ၎င်း၏စီရင်ပိုင်ခွင့်များကို ကျင့်သုံးရာ၌ အလုပ်ရှင်၏ ဆုံးဖြတ်ချက် ကို ကြားဝင်စွက်ဖက်ရန်မသင့်ကြောင်း” ဆုံးဖြတ်ခဲ့သည်။

၂၂-၇။ အဆိုပါအမှုတွင် အိန္ဒိယတရားလွှတ်တော်ချုပ်က အခိုင်အမာဆုံးဖြတ်ခဲ့သည်မှာ “**သက် သေပြရန်တာဝန်ကို ဆောင်ရွက်ရန် ဥပဒေအရပေးအပ်ထားသည့်အခြေအနေ၌ လျှောက်ထား သူ၏ အသက်ကိုပြင်ဆင်ပြောင်းလဲရန် စေ့ဆော်တိုက်တွန်းပေးသည့်အချက်အား သက်သေပြရန် ကြီးလေးသောတာဝန်သည် တောင်းဆိုသူအပေါ်၌သာ ကျရောက်ကြောင်း**” ဖြစ်သည်။

၂၂-၈။ အမှုတွင်အငြင်းမပွားသည်မှာ လျှောက်ထားသူသည် အလယ်တန်းကျောင်းစာမေးပွဲကို အောင်မြင်ပြီးနောက် အခြားအများပြည်သူဆိုင်ရာစာမေးပွဲများဖြစ်သည့် ၁၉၇၈ ခုနှစ်တွင် အထက် တန်းစာမေးပွဲကိုလည်းကောင်း၊ ၁၉၈၀ ခုနှစ်တွင် B.Sc စာမေးပွဲကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ် တွင် M.A စာမေးပွဲကိုလည်းကောင်း ဆက်တိုက်အောင်မြင်ခဲ့ပြီးဖြစ်သည့်အပြင် ၁၉၈၄ ခုနှစ်တွင် ဥပဒေဘွဲ့ကြိုစာမေးပွဲကိုပါ အောင်မြင်ခဲ့သည်။ သို့ရာတွင် ၁၉၇၆ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အလယ် တန်းအောင်လက်မှတ်တွင် ရေးသားထားသော ၎င်း၏မွေးနေ့ကို မှားယွင်းနေသည်ဟု သတိထားမိ ခြင်းမရှိခဲ့ပေ။ ၂၀၀၆ ခုနှစ်၌ ဂျက်ရှောဘုတ်အဖွဲ့က မွေးနေ့အမှန်ပြင်ထားသော အလယ်တန်း ကျောင်းအောင်လက်မှတ်ကို လက်ခံရရှိသည့်အချိန်၌ပင်လျှင် ၂၀၀၇ ခုနှစ်၌ ၎င်းတိုးတက်ရာ တိုးတက်ကြောင်း နောက်ထပ်စီမံဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အရေးကိစ္စကို အချိန်ယူ ဆောင်ရွက်နေခဲ့ပြီး မွေးနေ့အမှန်လျှောက်ထားသည့်ကိစ္စကို ဆက်လက်လုပ်ဆောင်ခြင်း မပြုခဲ့ ပေ။ ၂၀၁၂ ခုနှစ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားယူရမည့်အသက်ကို ပြင်ဆင်သည့်ဥပဒေအရ နိုင်ငံ့ ဝန်ထမ်းအသက် ပြောင်းလဲခဲ့သော်လည်း နောက်ဆုံးတွင်မှ ၇-၄-၂၀၁၆ ရက်နေ့၌ ဤအကြောင်း

အရာကို ထပ်မံအချိန်ယူလျှောက်ထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အလုပ်ဝင်သည့် အချိန်၌ ၎င်းရေးသားဖြည့်စွက်ခဲ့သော မွေးနေ့ရက်မဟုတ်ဘဲ အခြားမွေးနေ့ရက်ကို ဖော်ပြသည့်အချိန်သည် အခိုင်အမာတည်ရှိနေသော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၉ ကို ၎င်းအနေဖြင့် ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်လိုက်သည့် အချိန်သာဖြစ်ပေသည်။

၂၂-၉။ ဤပြဋ္ဌာန်းချက်(နည်းဥပဒေ)အား ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်သည်ဟူ၍ ကြေညာမည့်ရှုထောင့်မှစဉ်းစားမည်ဆိုခဲ့လျှင် အစိုးရဝန်ထမ်းနှင့်အခြားကဏ္ဍများ၌ ကျင့်ဝတ်စည်းကမ်းတစ်ခုလုံးသည် အစိတ်စိတ်အမြွာမြွာ ပြိုကွဲပျက်စီးသွားပေလိမ့်မည်။ ကြောင်းကျိုးဆီလျော်မှုရှိသည့်အယူအဆသည် ထိုအယူအဆနှင့်ဆန့်ကျင်သည့်ဆုံးဖြတ်ချက်ကို ချမှတ်ရန်ခွင့်ပြုခြင်းမရှိ။ တစ်နည်းအားဖြင့် နည်းဥပဒေ ၉ သည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျော်လွန်သည်ဆိုခဲ့လျှင် အလုပ်ဝင်ရောက်ပြီးနောက် လူတိုင်းလူတိုင်းသည် ထောက်ခံစာကိုပြင်ဆင်ခြင်းအတွက် လွယ်လွယ်ကူကူဆောင်ရွက်နိုင်သွားမည်ဖြစ်ပြီး ဖော်ပြရန်မလိုအောင်ပင် အစိုးရဝန်ထမ်းအဖွဲ့အစည်းအတွင်း၌ ပရမ်းပတာဖြစ်စေမည်မှာ အကြွင်းမဲ့ဖြစ်သည်။

၂၂-၁၀။ ထို့အတူ ဘင်္ဂလာဒေ့ရှ်နိုင်ငံ၊ ငွေကြေးစနစ်ကြီးကြပ်ထိန်းသိမ်းရေးနှင့် စာရင်းစစ်ချုပ်ရုံးတွင် ဤသို့သောအကြောင်းအရာမျိုးနှင့်စပ်လျဉ်း၍ မစ္စတာ ဂျီအမ် အာနိဆာ ရာမန် ၏ မွေးနေ့ရက်ကို မှန်ကန်အောင်ပြုပြင်ရန် ခွင့်ပြုပေးခဲ့သည်ဆိုသော “Pragati Industries Ltd. vs. AKM Mafizur Rahman and others reported in 16 BLC (HC) 374 အမှုအား ကိုးကားထားသည့် တရားလိုရှေ့နေကြီး၏ တင်ပြချက်များကိုလည်း လက်ခံခြင်းမပြုနိုင်ပေ။ အမှန်မှာ ထိုသို့ခွင့်ပြုပေးခဲ့ခြင်းသည် စာရင်းစစ်ချုပ်ရုံးနှင့် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အန်တုစိန်ခေါ်ရာရောက်သည့် မည်သို့သောသက်ရောက်မှုမျိုးမှ မဖြစ်ပေါ်စေခဲ့သည့်အတွက်ဖြစ်သည်။ သို့အတွက် တရားလိုရှေ့နေကြီး ကိုးကားတင်ပြသည့် သာဓကအမှုအတိုင်း လျှောက်ထားသူ၏တင်ပြချက်ကို လက်ခံရန်မှာ တရားဖြောင့်မှန်သည့်ကိစ္စဖြစ်ကြောင်း ထင်ရှားအောင်ပြသနိုင်လိမ့်မည် မဟုတ်ပေ။ အကယ်၍ ခွင့်ပြုပေးလိုက်မည်ဆိုပါက အစိုးရဝန်ထမ်းအဖွဲ့အစည်း၏စည်းမျဉ်းစည်းကမ်းများကို အန္တရာယ်ကျရောက်စေမည့် နောက်ဆက်တွဲဖြစ်ရပ်အား ဦးတည်သွားစေမည်ဖြစ်သည်။ တရားလိုရှေ့နေကြီး အားကိုးအားထားပြုသည့် အမှုသည် ယခုအချင်းဖြစ်ကိစ္စနှင့် ကွဲပြားခြားနားကြောင်း သိမြင်နိုင်သည်။

၂၂-၁၁။ အသက်အမှန်ပြင်ဆင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အရပ်ရပ်ဆိုင်ရာဘဏ္ဍာရေးနည်းဥပဒေများကို ကောက်နုတ်ကြည့်လျှင် ထိုနည်းဥပဒေအပိုဒ် ၁၁၆ က ဆိုထားသည်မှာ အစိုးရလက်အောက်ရှိ ဝန်ထမ်း သို့မဟုတ် ရာထူးခန့်အပ်မှုတစ်ခုခုကို စတင်ခန့်အပ်ခံရသူတိုင်းသည် ထိုသို့ခန့်အပ်ခံရချိန်၌ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ မွေးစာရင်းအစရှိသော ခိုင်လုံသမျှ ခိုင်လုံသည့် အထောက်အထား၊ စာတမ်းအမှတ်အသားပါအတိုင်း ၎င်း၏မွေးနေ့ရက်ကို ဖြည့်သွင်း

ကြေညာသင့်သည်။ အကယ်၍ မွေးနေ့ရက်အား အတိအကျမသိရှိခဲ့လျှင် ခန့်မှန်းမွေးရက်တစ်ရက်ကို ပေးနိုင်မည်ဖြစ်သည်။ ဆိုခဲ့သောနည်းဥပဒေအပိုဒ် ၁၁၇ အရ အမှန်မွေးနေ့ရက် သို့မဟုတ် အမှန်ဟု ယူဆသော မွေးနေ့ရက်အား သက်ဆိုင်သူ၏ ဝန်ထမ်းရာဇဝင်၊ အမှုထမ်းစာအုပ် သို့မဟုတ် အခြား မှတ်တမ်းတစ်ခုခုတွင် မှတ်တမ်းရေးသွင်းထားသင့်သည်။ ထိုရေးသွင်းချက်အား စာလုံးပေါင်းသတ် ပုံ မှားယွင်းသည့်အခါမှတစ်ပါး ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာအမိန့်များမပါရှိဘဲ ပြောင်းလဲပြင်ဆင် ခြင်းမပြုလုပ်နိုင်ပေ။

**ဆုံးဖြတ်ချက်**

၂၃-၁။ ထို့ကြောင့် အချက်အလက်များ၊ နေ့ရက်များနှင့် ၁၉၈၇ ခုနှစ်အစောပိုင်းမှစတင်ပြီး ယနေ့အထိလျှောက်ထားသူအား ၁၉၈၇ ခုနှစ်မတိုင်မီက အလယ်တန်းအောင်လက်မှတ်ပါ မွေးနေ့ရက်ကို ပြင်ဆင်ခြင်းအတွက် မည်သည့်အရာက တားဆီးဟန့်တားနေသနည်းဟူသော ဆက်စပ်အကျုံးဝင်သည့် မေးခွန်းတစ်ရပ် ထင်ထင်ရှားရှားပေါ်ပေါက်စေသည့် ကွင်းဆက်မပြတ်သော အခြေအနေများသည် အငြင်းမပွားပေါ်ပေါက်ကြောင်းတွေ့ရှိရသည်။ သို့အတွက် စာချွန်တော်လျှောက်ထားသူ တရားလို၏ ပြဿနာနှင့်စပ်လျဉ်း၍ လက်ခံနိုင်ဖွယ်ဖြစ်သော၊ ယုတ္တိယုတ္တာရှိသော၊ ဖြစ်နိုင်ချေရှိသောအဖြေကို ပေးအပ်နိုင်ခြင်းမရှိပေ။ လျှောက်ထားသူကဝင်းမှန်ကန်ကြောင်း ပြသရန် အားထုတ်တင်ပြခဲ့သောအကြောင်းအရာများမှာ ထိုစဉ်က နိုင်ငံအနှံ့အပြားတွင်ဖြစ်ပေါ်နေသော လူမှုစီးပွားရေးအခြေအနေများအရ အမှုမဲ့အမှတ်မဲ့သတိမထားမိခြင်းနှင့် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များကင်းမဲ့နေခဲ့ခြင်းတို့ကြောင့် လျှောက်ထားသူ၏ အလယ်တန်းအောင်လက်မှတ်တွင် ပေါ်ပေါက်နေသော မှားယွင်းဖော်ပြချက်ကို ပြန်လည်ပြင်ဆင်တည့်မတ်ပေးရန် အရေးယူဆောင်ရွက်ချက်များ မရှိခဲ့ဟူ၍ဖြစ်သည်။ ဤအကြောင်းအရာသည် အရည်အသွေးကင်းမဲ့သော အကြောင်းပြချက်ဖြစ်သည့်အတွက် လက်ခံခြင်းမပြုနိုင်ပေ။

၂၃-၂။ အကိုးအကားပြုသည့် ဆုံးဖြတ်ချက်များနှင့် ဆွေးနွေးချက်များ အခိုင်အမာအားဖြည့်ထားသည်နှင့်အညီ တရားလို၏လျှောက်ထားချက်များမှာ အနှစ်သာရကင်းမဲ့သည်ဖြစ်သောကြောင့် အငြင်းပွားနည်းဥပဒေအပေါ် တစ်စုံတစ်ရာအရေးယူ ဆောင်ရွက်ခြင်းမပြုသင့်ကြောင်း ဤရုံးက သုံးသပ်ဆုံးဖြတ်သည်။

၂၃-၃။ စရိတ်ခွင့်မပြု။

၂၃-၄။ ဤရုံးက ကနဦးချမှတ်ခဲ့သော ပိုနေမြဲကျားနေမြဲအမိန့်အား ရုပ်သိမ်းပယ်ဖျက်လိုက်သည်။

**နိဂုံး**

၂၄။ ယခုအမှုတင်သွင်းသောအကြောင်းခြင်းရာသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၀၂ အရ တင်သွင်း၍ တရားလွှတ်တော်က သုံးသပ်ဆုံးဖြတ်ခဲ့သော အမှုဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံ

ဥပဒေနှင့် မည်သည့်အချက်ကညီညွတ်မှုမရှိကြောင်း၊ မည်သို့ညီညွတ်မှုမရှိကြောင်းစသည်ဖြင့် အလေးပေးသုံးသပ်ဆုံးဖြတ်ခဲ့သည့် အမှုမျိုးမဟုတ်ပါ။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များအကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အငြင်းပွားသောအမှုမျိုးမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသောအခွင့်အရေးကိုချိုးဖောက်သည်ဟု အဆိုပြုကာ လူပုဂ္ဂိုလ်တစ်ဦးက တင်သွင်းလာသောအမှုမျိုးသာဖြစ်ပါသည်။ ဤအမှုတွင် စာချွန်တော်လျှောက်ထားမှုဟု အမည်တပ်ထားသော်လည်း မြန်မာနိုင်ငံတရားလွှတ်တော်ချုပ်တွင် လျှောက်ထားသည့် စာချွန်တော်လျှောက်ထားမှုများကဲ့သို့ စာချွန်တော်အမျိုးအစားကို အတိအကျနာမည်တပ် ဖော်ပြထားခြင်း မရှိပါ။ ဘင်္ဂလားဒေ့ရှ်တရားလွှတ်တော်ချုပ်၏ အမှုအတော်များများကို လေ့လာကြည့်သည့်အခါ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို အသားပေးအနက်ဖွင့်ဆိုသည့် အမှုမျိုးမတွေ့ရှိရဘဲ ယခု စာချွန်တော်အမှုကဲ့သို့ လူတစ်ဦးချင်းစီက ၎င်းတို့နစ်နာသည်ဟု ယူဆသည့်ကိစ္စရပ်မျိုး အတွက် စာချွန်တော်လျှောက်ထားခြင်းမျိုးနှင့် အခြားပြစ်မှု/တရားမ အမှုအမျိုးအစားများကိုသာ တွေ့ရှိရပါသည်။ သို့ရာတွင် ယခုစာချွန်တော် လျှောက်ထားမှုအား လေ့လာခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဝန်ထမ်းများက မိမိတို့ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ စာချွန်တော်ထုတ်ဆင့်ပေးရန် လျှောက်ထားသည့် အလေ့အထရှိကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသိရှိရသည့်အပြင် ဘင်္ဂလားဒေ့ရှ်တရားလွှတ်တော်ချုပ်သည် ၎င်းတို့၏ ယခင်ကဆုံးဖြတ်ခဲ့ပြီးသော စီရင်ထုံးများကိုသာမက အခြားနိုင်ငံ၏စီရင်ထုံးများ(ဥပမာ- အိန္ဒိယတရားလွှတ်တော်ချုပ်၏စီရင်ထုံး) ကိုပါကိုးကားဆုံးဖြတ်သည်ကို လေ့လာတွေ့ရှိရကြောင်း တင်ပြအပ်ပါသည်။